# ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု


## စစ်ကိုင်းတိုင်းဒေသကြီး၏ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုအကျဉ်းချုပ်

### နောက်ခံအကြောင်းအရာ

ဒေသန္တရအုပ်ချုပ်ရေး လုပ်ငန်းစဉ်လေ့လာမှုကို စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၄ ခုနှစ်၌ ပြုလုပ်ခဲ့သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဆောင်ရွက်သည့် ဒေသန္တရအုပ်ချုပ်ရေးလေ့လာသုံးသပ်မှု၏ အစိတ်အပိုင်းအဖြစ် UNDP သည် ဤလေ့လာမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ နည်းစနစ်ပိုင်းဆိုင်ရာခြုံ တင်ပြမှုအတွက် “Fast Fact: မြန်မာနိုင်ငံဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှု” တွင် ကြည့်ပါ။

စစ်ကိုင်းတိုင်းဒေသကြီး လေ့လာမှုသည် ကန့်ဘလူ၊ ကလေးဝ၊ မုံရွာနှင့်လဟယ်မြို့နယ်များရှိ ပြည်သူများ၊ ဝန်ဆောင်မှုပေးသူများ၊ ကော်မတီဝင်များ၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများကို ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးခြင်းတို့၏ အရည်အသွေးတို့ကို တွေ့ဆုံမေးမြန်းမှုများအားလွှမ်းခြုံမိပါသည်။

ပြည်သူ ၄၀၀၊ ဝန်ဆောင်မှုပေးသူနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ၁၀၀ ခန့်တို့က ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းနှင့် ပြည်သူအများပါဝင်မှု၊ အခြေခံဝန်ဆောင်မှုများ (အထူးသဖြင့် မူလတန်းပညာရေး၊ အခြေခံကျန်းမာရေး ဆောင်ရွက်ပေးမှုနှင့် သောက်သုံးရေ) ရရှိမှုနှင့် သတင်းအချက်အလက် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်ပတ်သက်၍ ၎င်းတို့၏အတွေ့အကြုံများနှင့်အမြင်များကို မျှဝေပေးခဲ့ကြသည်။ ဤတင်ပြချက်စာစောင်တွင်စစ်ကိုင်းတိုင်းဒေသကြီးရှိ အဓိကတွေ့ရှိချက်အချို့ကို တင်ပြထားပါသည်။




ရင်းမြစ်။ MIMU

ကူညီထောက်ပံ့သော အဖွဲ့အစည်းများ။

# လူမှုစီးပွားရေးအကြောင်းအရာများ

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ဒုတိယ အကျယ်ပြန့်ဆုံး အစိတ်အပိုင်းဖြစ်ပြီး တိုင်းဒေသကြီး ခုနစ်ခုတွင် အကျယ်ပြန့်ဆုံးနှင့် လူဦးရေအားဖြင့် စတုတ္ထအများဆုံးဒေသဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် စစ်ကိုင်းတိုင်းဒေသကြီး၏ မြို့နယ် ၃ ခုပါဝင်သော နာဂ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (SAZ) ကို ဖွဲ့စည်းခဲ့သည်။


စိုက်ပျိုးရေးသည် ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး စပါးနှင့် ဂျုံတို့ကို အဓိကစိုက်ပျိုးသည်။ ထိုဒေသ၏ စီးပွားရေးတွင် သစ်တောထွက်ကုန်ပစ္စည်းများသည်လည်း အရေးကြီးသောကဏ္ဍမှပါဝင်သည်။ ထို့ပြင် သဘာဝအရင်းအမြစ် ထုတ်ယူမှုသည်လည်း အရေးကြီးသော ကဏ္ဍဖြစ်ပြီး ရွှေ၊ ကျောက်မီးသွေး၊ ဆားနှင့် ရေနံအနည်းငယ်ကို ထုတ်လုပ်သည်။ စစ်ကိုင်း၏ စီးပွားရေးသည် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့အတွက် အဓိကမြစ်ကြီးများမှ အကျိုးကျေးဇူးရရှိသည်။






ဒေသန္တရစီးပွားရေးနှင့် လူမှုစီးပွားရေး အညွှန်းကိန်းများကိုကြည့်လျှင် မြို့ပြဒေသဆန်သော တောင်ပိုင်းဒေသသည် ကောင်းမွန်သော လူနေမှုအဆင့်တစ်ခုတွင်ရှိနေပြီး ယင်းနှင့်နှိုင်းယှဉ်လျှင် တိုင်းရင်းသားလူနည်းစုများ နေထိုင်ကြပြီး စီးပွားရေးလုပ်ငန်းနှင့် လူမှုရေးကဏ္ဍဆောင်ရွက်ချက် အဆင့်အတန်းများ သိသာထင်ရှားစွာ နိမ့်ကျသောဝေးလံသည့် မြောက်ပိုင်းဒေသများသည် သိသာစွာခြားနားလျက်ရှိသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (SAZ) တွင်ရှိသည့် မြို့နယ်များ၏ အစိတ်အပိုင်းများသည် အဆင်းရဲဆုံးဖြစ်ပြီး သီးခြားအကင်းကွာဆုံးဖြစ်ကာ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးမှု အနည်းဆုံးဖြစ်ကြသည်။

## ရပ်ရွာအဆင့်တွင်တွေ့ရှိရသောတိုးတက်မှုများ




### စစ်ကိုင်းဒေသကြီး၏တိုးတက်မှုများ

- ခြုံ၍ဆိုလျှင် ပညာရေးတွင် တိုးတက်လာမှုများကို အများဆုံး(၅၂ %)ဖော်ပြကြပြီး လမ်းများ ကောင်းမွန်မှုကို (၃၅ %)ဆက်လက်ဖော်ပြကြသည်။ မြို့နယ်များအကြား ကျယ်ပြန့်သောခြားနားမှုများရှိသည်။
- ကျေးလက်ဒေသရပ်ရွာများက ကျန်းမာရေးအတွက်စိုးရိမ်မှုနှင့် သန့်ရှင်းသောသောက်သုံးရေရရှိမှုတို့ကိုအလေးထားပြောကြားသော်လည်း မြို့ပြဖြေကြားသူများကမူ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်း အားနည်းမှုများကို အဓိကပြဿနာများအဖြစ်ဖော်ပြကြသည်။

# ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲခြင်းနှင့်ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

## ဖွံ့ဖြိုးရေးရန်ပုံငွေများ (၂၀၁၃–၂၀၁၄)

| | ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ရန်ပုံငွေ (PRF) USD ဖြင့် | ပြည်သူ့လွှတ်တော် ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ (CDF) USD ဖြင့် | ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေ (RDF) USD ဖြင့် | နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေ USD ဖြင့် |
|---|---|---|---|---|
| ကလေးဝ | ၈၂,၉၀၀ | ၁၀၀,၀၀၀ | ၁,၀၀၀ | ၃၁၃,၀၀၀ |
| ကန့်ဘလူ | အချက်လက်မရရှိ | ၁၀၀,၀၀၀ | ၃၂၈,၆၀၀ | ၀ |
| မုံရွာ | ၁၀,၇၇၀ | ၁၀၀,၀၀၀ | ၂၂၆,၉၆၀ | ၀ |
| လဟယ် | အချက်လက်မရရှိ | ၁၀၀,၀၀၀ | ၁၃၀,၂၉၀ | ၁,၃၁၈,၂၅၀ |



**PRF**

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီသည် စီမံကိန်းများစာရင်းကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီသို့တင်ပြကာ စုစည်းစေ၍ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ရန်ပုံငွေ ထိရောက်မှုကို ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုကြသည်။

**CDF**

CDF စီမံကိန်းရေးဆွဲရေးအတွက် သက်ဆိုင်ရာ မြို့နယ်များမှ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များသည် (SAZ တွင်မပါဝင်) TDSC၊ TMC ၊ TMAC နှင့် ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော အထူးကော်မတီဖွဲ့စည်းရန် အတူတကွ ပူးတွဲဆောင်ရွက်ကြသည်။ စစ်ကိုင်း၏ဒေသများရှိ CDF မှတစ်ဆင့် ရန်ပုံငွေကျခံသောစီမံကိန်းများသည် ရန်ပုံငွေထောက်ပံ့မှု၏ ဒုတိယတစ်ဝက်အတွက် CDF သို့ လျှောက်ထားခြင်းမပြုမီ ပြည်သူများ၏ ကိုယ်ထူကိုယ်ထ ထည့်ဝင်မှုနှင့် စီမံကိန်းတစ်ဝက်ပြီးစီးရန် လိုအပ်သည်။

**RDF**

RDF အရ ထည့်သွင်းစဉ်းစားရေးအတွက်စီမံကိန်းများစုစည်းမှုကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (DRD) က စီမံခန့်ခွဲသည်။ ရပ်ရွာများအတွက် ဦးစားပေးမှုများရရှိရန် DRD က ၂၀၁၄ ခုနှစ်တွင် ရပ်ရွာလေ့လာမှုတစ်ရပ်ကို ပြီးစီးအောင်ဆောင်ရွက်ခဲ့သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးမှူးများသည် မြို့နယ်ကော်မတီများစွာတို့တွင် ပါဝင်ပြီး အမည်စာရင်းများကို အဆိုပါစနစ်များမှတစ်ဆင့် အခြားသောမြို့နယ်အဖွဲ့ခွဲများနှင့် ပေါင်းစပ်ညှိနှိုင်းသည်။ မုံရွာတွင် RDF နှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ထမ်းများ ရောက်ရှိမှုသည်မြို့နယ်စည်ပင်သာယာရေး ဌာန၏ မြို့ပြဒေသများကိုသာ အလေးပေးမှုအား ပျောက်ပျယ်သွားစေခဲ့သည်။

## မြို့နယ်စီမံခန့်ခွဲမှုကော်မတီ (TMC)

TMCကို လှည်းဘီး၏ ဗဟိုချက်အဖြစ် ရည်ညွှန်းကြပြီး ကျေးရွာအုပ်စု/ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပြဿနာများတင်ပြပြီး ကော်မတီအဖွဲ့ဝင် အမျိုးမျိုးထံမှ သတင်းအချက်အလက်များရရှိရေးအတွက် စကြ်လမ်းအဖြစ် TMC ကို ရှုမြင်ကြသည်။ TMC သည် နည်းပညာသတင်းအချက်အလက်များ မျှဝေရန်အတွက် ကဏ္ဍဆိုင်ရာဌာနများအား ပုံမှန်အခွင့်အလမ်းဖန်တီးပေးသည်။

## မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ (TDSC)

TDSC ၏ နိုင်ငံသားအဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်မှုလမ်းစဉ်သည် ရပ်ရွာရှိရပ်မိရပ်ဖများကိုယ်စားပြုပါဝင်စေသော အကျိုးကျေးဇူးကိုရရှိစေသည်။

TDSC အဖွဲ့ဝင်များသည် ၎င်းတို့ကဏ္ဍအား ကျေးလက်ရောမြို့ပြဒေသများပါလွှမ်းခြုံမိစေရန် ထည့်သွင်းစဉ်းစားကြသည်။ သို့ရာတွင် TDSC ရှိ အဖွဲ့ဝင်အားလုံးအတွက် ခရီးသွားလာရေး သို့မဟုတ် အခြားကုန်ကျစရိတ်များကျခံရန် လည်ပတ်သည့် ရန်ပုံငွေမရှိကြောင်းပြောကြားကြပြီး မည်သည့် TDSC မှ ရပ်/ ကျေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးမှုမရှိကြပါ။

လဟယ်တွင် TDSC သည် လုပ်ငန်းအပြည့်အဝလည်ပတ်နိုင်ခြင်းမရှိပါ။


## မြို့နယ်စည်ပင်သာယာရေးကော်မတီ (TMAC)

စစ်ကိုင်းတိုင်းဒေသကြီးသည် TMAC များ၏ စည်ပင်သာယာနယ်မြေများအတွက် အရင်းအမြစ်များနှင့် အသုံးစရိတ်စီမံချက်များကို လွတ်လပ်စွာထူထောင်ဆောင်ရွက်ခွင့်ပေးထားသည်။ သို့ရာတွင် ယင်းကိစ္စများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် စည်ပင်သာယာနယ်မြေများအကြား စေ့စပ်ညှိနှိုင်းဆောင်ရွက်လေ့ရှိသည်။

လေ့လာခဲ့သော SAZ မဟုတ်သည့် မြို့နယ် ၃ မြို့နယ်အနက် ၂ မြို့နယ်တွင် TMAC သည် မြို့ပြဒေသအပြင် ကျေးလက်ဒေသများရှိ စီမံကိန်းအသုံးစရိတ်များကို အတည်ပြုပေးခဲ့သည်။

# အခြေခံဝန်ဆောင်မှုများပေးခြင်း

သင်၏ ကျေးရွာအုပ်စု။ရပ်ကွက်တွင် လွန်ခဲ့သော ၃ နှစ်အတွင်း မူလတန်းပညာရေး တိုးတက်ခဲ့ပါသလား။




တိုးတက်သည်ဟု ယူဆမှုအတွက် အဓိကအကြောင်းများ – ကျောင်းဆရာများ ပိုမိုရရှိခြင်း (၅၄ %) နှင့် ပိုမိုကောင်းမွန်သော သင်ကြားမှုစနစ်(၃၃ %)

- တိုးတက်လာသည် (၇၄ %)
- အရင်အတိုင်း (၂၃ %)
- ပိုဆိုးလာသည် (၂ %)
- မသိပါ (၁ %)

## မူလတန်းပညာရေး

မူလတန်းကျောင်းပညာအရည်အသွေးနှင့်ပတ်သက်သောကျေနပ်မှုသည် အထူးသဖြင့်ကလေးဝ (၉၁ %)နှင့် လဟယ် (၈၆ %)တို့တွင် မြင့်မားသည်။

မြို့နယ်ပညာရေးမှူးများ (TEOs) သည် TMC မှတစ်ဆင့်အခြား မြို့နယ်အရာရှိများ၊ ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းကြပြီး ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် လစဉ်အစည်းအဝေးများပြုလုပ်ကြသည်။ အထက်တန်းကျောင်းအုပ်ကြီးများသည် အလယ်တန်းနှင့် မူလတန်းကျောင်းများရှိ ကျောင်းအုပ်စုနှင့် သတင်းအပြန်အလှန်စီးဆင်းရေးကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ ကျောင်းတိုင်းတွင် ကျောင်းပြင်ဆင်မွမ်းမံရေးကော်မတီတစ်ရပ်စီရှိပြီး သင်ရိုးညွှန်းတမ်းနှင့် ဆက်စပ်သောအကြောင်းကိစ္စများအတွက် မိဘဆရာအသင်းဖွဲ့စည်းထားသည်။


## အခြေခံကျန်းမာရေးစောင့်ရှောက်မှု

ရပ်ကွက်များနှင့် ကျေးရွာအုပ်စု အများစုတို့ရှိ ပြည်သူများသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ကျေနပ်မှုရှိကြသည်။ သို့မဟုတ် မဆိုးမကောင်းဟုရှုမြင်ကြသည်။

လဟယ်ရှိကျေးရွာအုပ်စုတစ်ခုတွင်(ဆောလော)မကျေနပ်မှုနှုန်းမှာ ၅၀ % ဖြစ်သည်။

ဆေးဝါးများနှင့် ရောဂါစမ်းသပ်ဆွေးနွေးမှုအတွက် မည်သည့် လူနာမျှ အခကြေးငွေမပေးကြရကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသော်လည်း ဖြေကြားသူများ၏ ၈၃ % ကမူ ၎င်းတို့သည်ဆေးဝါးများအတွက် အခကြေးငွေကို အမြဲတမ်း သို့မဟုတ် တစ်ခါတစ်ရံပေးကြရသည်ဟု ပြောကြားကြသည်။


သင်၏ကျေးရွာအုပ်စု/ ရပ်ကွက်တွင် လွန်ခဲ့သော ၃ နှစ်အတွင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ခဲ့ပါသလား။




တိုးတက်သည်ဟု ယူဆမှုအတွက် အဓိကအကြောင်းရင်းများ – ကျန်းမာရေးအထောက် အကူပြုအဆောက်အဦ တိုးတက်မှု (၄၈ %) နှင့် ကျန်းမာရေးဝန်ထမ်းများပိုမိုခန့်ထားမှု (၃၈ %)

- တိုးတက်လာသည် (၆၅ %)
- အရင်အတိုင်း (၃၀ %)
- ပိုဆိုးလာသည် (၃ %)
- မသိပါ (၂ %)

သင်၏ကျေးရွာအုပ်စု/ ရပ်ကွက်တွင် လွန်ခဲ့သော ၃နှစ်အတွင်း သန့်ရှင်းသောသောက်သုံးရေရရှိမှု တိုးတက်ခဲ့ပါသလား။





- တိုးတက်လာသည် (၅၈ %)
- အရင်အတိုင်း (၃၉ %)
- ပိုဆိုးလာသည် (၃ %)

## သောက်သုံးရေဖြန့်ဖြူးမှု

လဟယ်သည် နာဂ SAZ ၏ အစိတ်အပိုင်းဖြစ်ပြီး ရေဖြန့်ဖြူးမှုအပါအဝင်ဖွံ့ဖြိုးမှုတွင် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ သိသာထင်ရှားသော အထောက်အပံ့များ ရရှိသည်။

ဖြေကြားသူများ၏ ၁၀ % ကသာ ရေဖြန့်ဖြူးရေးနှင့်ပတ်သက်၍ အစိုးရအရာရှိများနှင့်ဆွေးနွေးရန် ဖိတ်ကြားခံကြရသည်ဟုပြောကြားသည်။ ရေဖြန့်ဖြူးရေးစီမံကိန်းများကို TMACs ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအရာရှိများနှင့် WA/VTAs တို့က ဦးတည်ချက်များအဖြစ် သတ်မှတ်ထားသည်။


# သတင်းအချက်အလက်၊ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊တာဝန်ခံမှု




## ရပ်ရွာများသို့သတင်းစီးဆင်းမှု

နိုင်ငံသားများထံမှ ကျေးရွာအုပ်စု/ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ (WA/VTA)တို့ထံသို့ သတင်းပေးပို့ရေးနှင့် WA/VTA တို့ထံမှ သတင်းများကို နိုင်ငံသားများထံသို့ လက်ဆင့်ကမ်းရေးတွင် ဆယ်အိမ်မှူးများ၏ အရေးပါမှုကို (VT/WAs)များက ပြောကြားကြသည်။ ကျယ်ပြန့်သောရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ဆယ်အိမ်မှူးများ အဖွဲ့တစ်ဖွဲ့သည် အခြားသောဆယ်အိမ်မှူးများအဖွဲ့နှင့် WA/ VTA တို့ကို ပေါင်းစပ်ညှိနှိုင်းဆက်သွယ်ရန် ၎င်းတို့၏အဖွဲ့ဝင်များထံမှ တစ်ဦးကိုရွေးချယ်နိုင်သည်။

## အကျယ်တဝင့်ရရှိနိုင်သောသတင်း



ကလေးဝတွင် TA သည် မြို့နယ်ကော်မတီများအားလုံးအတွက် အစည်းအဝေးခန်းမကိုစီစဉ်ထားသည်။ ထိုအစည်းအဝေးခန်းတွင် လျှောက်ထားသောစီမံကိန်းများ၊ အတည်ပြုသောစီမံကိန်းများနှင့် ပတ်သက်သည့်သတင်းများကို ဖော်ပြထားပြီး ခွင့်ပြုစီမံကိန်းများ၊ စီမံကိန်းတိုးတက်မှုအခြေအနေများအတွက် အလွယ်တကူသတင်းအချက်အလက် ရရှိရာနေရာအဖြစ်ဖန်တီးထားသည်။



## ရပ်ရွာလူထုဆွေးနွေးပွဲ





ရပ်ရွာလူထုဆွေးနွေးပွဲများတွင် ရပ်ရွာရှိအမျိုးမျိုးသော အုပ်စုများဖြစ်ကြသည့် အမျိုးသားများ၊ လူငယ်များနှင့် ရပ်မိရပ်ဖများ အပါအဝင် ဒေသန္တရဝန်ဆောင်မှုပေးသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့သည် ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးသည့် ကိစ္စများတွင် အခက်အခက်အခဲများနှင့် အလားအလာရှိသော တိုးတက်မှုများကိုဆွေးနွေးကြသည်။

ဥပမာ – ရပ်ရွာတစ်ခုတွင် အနီးအနားရှိ ကျောင်းများနှင့် အိမ်များ၏လုံခြုံမှုကို ခြိမ်းခြောက်နေသော မြစ်ကမ်းပါးရေတိုက်စားမှု အခြေအနေကို မြို့နယ်သို့အစီရင်ခံရန် VTA က ကတိပြုခဲ့သည်။ အခြားကျေးရွာတွင် VTA နှင့် VTDSC တို့က စီစဉ်ထားသော ဖွံ့ဖြိုးရေးစီမံ ကိန်းအားလုံး၏ သတင်းအချက်အလက်များကို မျှဝေရန်ကတိပြုခဲ့ပြီး ရပ်ရွာလူထုကလည်း ၎င်းတို့အားဖိတ်ကြားပါက အစည်းအဝေးတွင် ပါဝင်ဆွေးနွေးမည်ဟုကတိပြုခဲ့သည်။



## သုံးသပ်ချက်များ



စီမံကိန်းရေးဆွဲမှု စွမ်းရည်တိုးတက်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့/ကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့သည် ပထဝီဝင်ဆိုင်ရာအနေအထားနှင့် ဦးတည်နယ်မြေများကို မြို့ပြနှင့် ကျေးလက် တိကျစွာပိုင်းဖြတ်၍ ရှင်းလင်းပြတ်သားအောင် ဆောင်ရွက်သင့်သည်။

မြို့နယ်ဖွံ့ထောက်ကော်မတီ ကိုယ်စားလှယ်များအတွက် ၎င်းတို့ကိုယ်စားပြုသော အုပ်စုများနှင့် (အလုပ်သမားများ၊ လယ်သမားများ၊ စီးပွားရေးအဖွဲ့အစည်းများ) တရားဝင်ပိုမိုစေ့စပ်ညှိနှိုင်းနိုင်ရန် ပံ့ပိုးပေးမှုများဖန်တီးပေးသင့်သည်။

WA/VTAနှင့် W/VTDSCတို့အတွက် ဆန္ဒမဲပေးခြင်းနှင့် ရွေးချယ်ရေးလုပ်ငန်းစဉ်များသည် ပြန်လည်သုံးသပ်မှုမှ အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ပြီး ပထမအကြိမ် ရွေးချယ်တင်မြှောက်ပွဲများတွင်ရရှိသော သင်ခန်းစာများကိုထိန်းချုပ်နိုင်ရန် စံနှုန်းများပြုထားရန်လိုအပ်သည်။

ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများသည် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူလူထုအကြား အရေးကြီးသော ချိတ်ဆက်မှုတစ်ရပ်ဖွဲ့စည်းရန်လိုသည်။ ထို့ပြင်ထိုကဏ္ဍကို ပိုမိုပီပြင်လာစေခြင်းသည် ပြည်သူများသို့ ၎င်းတို့၏သတင်းဖြန့်ဖြူးရေးတွင် ခိုင်မာတောင့်တင်းလာစေနိုင်သည်။


အသေးစိတ်သိရှိလိုပါက

“စစ်ကိုင်းတိုင်းဒေသကြီး၊ ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုအစီရင်ခံစာ” ကို www.mm.undp.org တွင် ကြည့်ပါ။

UNDP မြန်မာ

အမှတ် ၆၊ နတ်မောက်လမ်း

တာမွေမြို့နယ်

ရန်ကုန် ၁၁၂၁၁၊ မြန်မာ

Email: communications.mm@undp.org



၂၀၁၅–ခုနှစ်၊ ဇန်နဝါရီလ